# မုန်းခြင်း၏အဆုံး

# The Boy Next Door

"ဟေး ချာတိတ်" အစ်ရာရှိရာသို့ ကျွန်ုပ်လှမ်း၍ အော်ခေါ်လိုက်သည်။ "ရှုဇ် လား" ဟု ပြန်မေးသည်။ ထိုကပြား အစုတ်ပလုတ်ကို ကျွန်ုပ်ကြည့်ချင်စိတ် မရှိပေ။ သူတို့အထဲမှ လူမည်းတစ်ဦးနှင့် ကျွန်ုပ်တို့အထဲမှ လူဖြူတစ်ဦး စပ်ပြီးပေါက်ထားသော ကပြားဖြစ်သဖြင့် မည်သူကမျှ လိုလားခြင်းမရှိချေ။ ထိုအတွေးနှင့်ပင် ကြည့်ချင်စိတ်မရှိခြင်းဖြစ်သည်။ အစ်ရာသည် ကျွန်ုပ်ထက် အနည်းငယ် အသက်ကြီးသော်လည်း သူတို့လိုကပြားမျိုးများသည် ကျွန်ုပ်တို့အဖို့ အမြဲတန်း "ချာတိတ်" ဟု အခေါ်ခံရသော လူတန်းစားများဖြစ်သည်။ ရှုဇ်က သူ့ကို ယုံမှတ်အပ်နှံ၍ သော့ပိတ်ခဲ့ခြင်းကို ကျွန်ုပ်မယုံနိုင်အောင် ဖြစ်ခဲ့ရသည်။

"အပေါ်ထပ်မှာပါ ခင်ဗျာ"။ သူကလှေခါးဆီသို့ ခေါင်းဆတ်ပြသည်။ သူက ကျွန်ုပ်၏မျက်နှာကို စေ့စေ့ကြည့်၍ ပြောနိုင်စွမ်းရှိသည်။

နံနက်စောစော မိုးသားများ အုံ့ဆိုင်းနေသဖြင့် ပယ်ဖျက်လိုက်သော အစည်းအဝေးမှ ကျွန်ုပ်ပြန်လာခဲ့သည်။ ကျွန်ုပ်အလုပ်ဆင်းနေသော ဆိုင်နားအရောက်တွင် လစာချက်လက်မှတ်ယူရန် ခဏလှည့်ရန် ဝင်လိုက်သည်။ စာရင်းများပြီးစီးအောင် ပိတ်ရမည်ဖြစ်သဖြင့် သူနောက်ကျမည်ဟု ရှုဇ်က ပြောထားခဲ့သည်။ သို့သော် ဆိုင်ကိုတစ်ပတ်စာ စာရင်းမပိတ်မီ ကျွန်ုပ်၏ လစာချက်လက်မှတ်ကိုမူ အဆင်သင့် ထုတ်ပေးထားမည်ဖြစ်သည်။ သို့ဖြင့် ကျွန်ုပ်၏ လစာချက်လက်မှတ်ကို သောကြာညနေ သို့မဟုတ် တနင်္လာနေ့နံနက်တွင် ထုတ်ယူနိုင်ပေမည်။ မနက်ဖြန်တွင် ဘဏ်ပိတ်မည်။ သို့ရာတွင် ကျွန်ုပ်၏ မိသားစုအတွက် စားဖို့ရှိသေးသည်။ လစာချက်လက်မှတ်ကို ငွေထုတ်နိုင်မှ ဖြစ်ပေမည်။

သူ့အနားမှဖြတ်၍ ပွတ်တိုက်သွားသောအခါ အခြားကပြားများကဲ့သို့ပင် အစ်ရာထံမှ ကပြားနံ့ရသည်ဟု ထင်မိသည်။ ကျွန်ုပ်သည် ခြေလှမ်းလျှင် လှေကား ၂ထစ်ခုန်ကျော်၍ တက်လာခဲ့ပြီး ရှုဇ်၏ ရုံးခန်းတံခါးကို ဖြည်းညှင်းစွာ ဖွင့်လိုက်သည်။ ကျွန်ုပ်ထင်ထားသည့်အတိုင်းပင် ရှုဇ်ကား သူ၏ကုလားထိုင်ပေါ်တွင် အိပ်မောကျလျက်ရှိသည်။ အိမ်ပြန်လျှင်လည်း မိသားစုမရှိသောကြောင့် သူသည် တစ်ညလုံးထိုသို့ပင် အိပ်လေ့ရှိသည်။ သူက ဆိုင်စောင့်နေသည် ဟုပြောသည်။ ဆိုင်ကစောင့်ခြင်း မစောင့်ခြင်းကား ကျွန်ုပ်အတွက် အကြောင်းမဟုတ်ပါ။ သူက ပိုင်ရှင်ဖြစ်ပြီး တစ်နေ့တာ ရိုးသားကြိုးစားသော လုပ်အားအတွက် မျှတသော နေ့တွက်ခကို ပေးလေ့ရှိသည်။ သို့သော် ကပြားများနှင့်ကား ရင်းနှီးစွာနေလေ့ရှိသည်။ အဘယ်မျှ ရင်းနှီးလိုက်ပါသနည်း။ ကျွန်ုပ်ပြောပါမည်။ လူဖြူတစ်ဦး၏ အလုပ်နေရာအတွက် ကပြားတစ်ဦးကို သူက ငှားရမ်းခန့်ထားပေးခဲ့သည်။ ဤမျှ ရင်းနှီးသည်။ အစ်ရာကို ယာယီခန့်တာပါဟု သူကပြောပြပါသည်။

ချက်လက်မှတ်မှာ ရှုဇ်၏ စားပွဲထောင့်တွင် တင်ထားသည်။ သူ့ကိုမနှိုးရဘဲ ကျွန်ုပ်အလွယ်တကူ မြင်နိုင်ပါသည်။ လေတစ်ချက် ပြူတင်းပေါက်မှ ဝှေ့၍တိုက်လိုက်သည်နှင့် ချက်လက်မှတ်လွင့်ကျသွားနိုင်သည်။ ချက်လက်မှတ်ကို စစ်ကြည့်လိုက်သည်။ ထုံးစံအတိုင်းပင်။ ရမည့်လုပ်ခထက် ဒေါ်လာအနည်းငယ်ပို၍ ရေးပေးထားသည်။ သူ့အား မနှိုးပါနှင့်ဟူ၍ ဆိုလိုခြင်းဖြစ်သည်။ ထို့ပြင် "အစ်ရာကို အလုပ်သမား ရှာမတွေ့ခင်အထိ ခန့်လိုက်ပါဦး" ဟူသော အဓိပ္ပါယ်လည်း ရပေသည်။

ကျွန်ုပ်သက်ပြင်းရှည်တစ်ချက် ချလိုက်မိသည်။ ၁၉၂၀ ပြည့်ဝန်းကျင် ဥက္ကလာဟိုးမားလိုမြို့ငယ်လေးတစ်မြို့တွင် ကျွမ်းကျင်သော စက်ပြင်ဆရာရရှိရန် ခဲယဉ်းလှသည်။ အစ်ရာသည်ကား ရှုဇ်က ကျွန်ုပ်အားပေးသော လုပ်ခလစာမဆိုထားဘိ အပိုဆောင်းပေးသော ဘောက်ဆူးလောက်ပင်မရသော်လည်း ကျွမ်းကျင်စွာ စက်ပြင်တတ်သူတစ်ဦးဖြစ်သည်။ အစ်ရာသည် စက်ပြင်ဆရာများထဲတွင် တစ်ဦးအပါအဝင်ဖြစ်နေခြင်းက အလုပ်ရုံတွင် အတူနေပြီး ပစ္စည်းကိရိယာများကို မျှဝေသုံးစွဲရမည့် အရေးအတွက် စိတ်မသက်မသာ ဖြစ်နေခဲ့ရသည်။ ထိုကိစ္စအတွက် ရှုဇ်ကိုနှိုး၍ ပြောမည် ကြံမိသေးသည်။ သို့သော် မပြောတော့ဘဲ ဝင်လာစဉ်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်စွာ ပြန်၍ထွက်လာခဲ့သည်။ ရှေ့တံခါးဝတွင် အစ်ရာကို ဖြတ်လာခဲ့သော်လည်း ကိုယ့်ဘာသာကိုယ် သိလိုက်ပါသည်။

အပြင်ဘက်တွင်မူ ကျွန်ုပ်ရောက်လာခဲ့သော စောစောက အချိန်ထက်ပို၍ လေထန်နေသည်။ မုန်တိုင်းတိုက်တော့မည်။ အိမ်မရောက်မီ မုန်တိုင်းမိနေပါက ကျွန်ုပ်၏ ပထမဆုံးဝိုက်ပါပါသော ကားဖြစ်သည့် မကြာသေးခင်က ဝယ်ထားသော မော်ဒယ်တီကားအိုကြီး၏ ဝိုက်ပါကို စမ်းသပ်ခွင့်ရနိုင်မည်ဟု တွေးနေမိသည်။

ကားစတီယာရင်နောက်သို့ ဝင်ထိုင်လိုက်ကာ အခင်းအဖြူကိုဘေးသို့ ဆွဲဖယ်ထားပြီး ကူကလပ်စ် ကလန်အစည်းအဝေးတွင် ကျွန်ုပ်တက်စဉ်က ဆောင်းလေ့ရှိသော ဦးထုပ်အချွန်ကိုပါ ဖယ်ပြစ်လိုက်သည်။

ကျွန်ုပ်တို့သည် ယဉ်ကျေးသောသူများ၊ ငြိမ်းချမ်းရေးကို မြတ်နိုးသော နိုင်ငံသားများ ဖြစ်ကြသည်။ လူမည်းများက ကလန်ကဆန်မလုပ်ဘဲ အောက်ကျိုးသည်းခံ၍ နေသမျှကာလပတ်လုံး ကျွန်ုပ်တို့က သူတို့အား အေးဆေးစွာနေထိုင်ခွင့်ပေးမည်ဖြစ်သည်။ သူတို့သည် တောက်တိုမည်ရအလုပ်များအတွက် အသုံးဝင်သူများဖြစ်သည်။ သူတို့က မဲပေးခွင့်ရရန်ကြိုးစားလျှင်ဖြစ်စေ၊ လူဖြူအမျိုးသမီးတစ်ဦးကို ရယူရန် ကြိုးပမ်းလျှင်ဖြစ်စေ၊ ထိုသို့သော မိုက်မဲမှုတစ်မျိုးမျိုးကို ပြုလုပ်လျှင်ဖြစ်စေ၊ အဆိုပါနေထိုင်ခွင့်၊ အလုပ်လုပ်ခွင့်တို့ကို သူတို့လက်လွှတ်ဆုံးရှုံးကြရပေမည်။

အိမ်အပြန်တောင်ကုန်းလမ်း၏ ပထမအကွေ့သို့ရောက်သောအခါ ရှေ့လေကာမှန်တွင် မိုးစက်မိုးပေါက်ကလေးများ ထင်လာသည်။ ၅ မိနစ်ခန့်ကြာသောအခါ မိုးသီးမိုးပေါက်ပမာ လွင့်စင်လာတော့သည်။ မိုးသည်းသလို လေကလည်း အတော်ထန်လာချေပြီ။ သို့သော် အိမ်နှင့်လည်း သိပ်မဝေးတော့ပါပြီ။

စတီယာရင်ကို လက်တစ်ဘက်နှင့်ထိန်းပြီး လေကာမှန်ဝိုက်ပါနှင့် တပ်ထားသော လက်ကိုင်ကို ကျန်လက်တစ်ဘက်နှင့် ဆုပ်ကိုင်၍ တစ်ဘက်သတ်တည်း သွားနေသောဝိုက်ပါကို လှည့်ပေးရသည်။ ရာဘာဝိုက်ပါက မှန်ကိုဖြတ်တိုက်စဉ် ရေများကို သယ်ဆောင်သွားသည်။ လက်ကိုက်ကို တစ်ဘက်သို့ လှည့်လိုက်လျှင် အခြားတစ်ဘက်သို့ ပြန်၍ပွတ်တိုက်သွားသည်။ စည်းချက်ညီညီလှုပ်ရှားအောင် တီထွင်နိုင်မှုကား အံ့သြစရာပင်။ မုန်တိုင်းကြားတွင် ရှင်းလင်းပြတ်သားစွာ မြင်ရသည်။ ယခုကဲ့သို့ ရှေ့မီးများနှင့် လေကာမှန်ဝိုက်ပါများ ထွန်းကားသည့် ခေတ်မီသော ကာလတွင် အဘယ်ကြောင့် ညပိုင်းတွင် သို့မဟုတ် ဆိုးရွားသော ရာသီဥတုတွင် ကားမောင်းရမည်ကို လူအများ စိုးထိတ်နေကြပါသနည်း။

ဝိုက်ပါတစ်ချက်ဝေ့ဝဲ၍ သုတ်ပြီးနောက် ကြည်လင်နေသော မြင်ကွင်းတွင် ကျွန်ုပ်၏ရှေ့၌ ကန့်လန့်ဖြတ်လဲကျနေသော သစ်ပင်ခြောက်ကြီးတစ်ပင်ကို တွေ့လိုက်ရတော့သည်။ ဘရိတ်ကို တအားနင်းလိုက်သော်လည်း ကျွန်ုပ်ကားသည် သစ်တုံးကိုဝင်၍ တိုက်မိပြီး ကားလမ်းနှင့် အပြိုင်ရှိသော လှိုင်းထန်နေသည့် မြစ်၏ကမ်းပါးစောက်ထဲသို့ ထိုးကျသွားတော့သည်။

ကျွန်ုပ်သည် ဝေဒနာမခံစားရဘဲ ဖြိုးကနဲဖျတ်ကနဲ ရုတ်တရက်သေသွားချင်သည်။ ကိုယ့်ကိုယ်ကို ပြောလေ့ရှိသော်လည်း ယခုမူ ရေနစ်ခြင်းဝေဒနာကို တဖြည်းဖြည်းချင်း လေးလံနှေးကွေးစွာ ကြုံတွေ့ခဲ့ရပေပြီ။ ဘရိတ်ခုံပေါ်တွင် ခြေထောက်နှစ်ချောင်းစလုံးကိုနင်း၍ ကားစတီယာရင်ကို မြစ်နှင့်ဝေးရာသို့ အားကုန်ဆွဲလှည့်သော်လည်း ကားကရပ်မသွားဘဲ ချာချာလည်ကာ ထိုးကျသွားတော့သည်။ ပြီးလျှင်တစ်ပတ်ပြီး တစ်ပတ်လိမ့်နေတော့သည်။

“ခင်ဗျားတို့အားလုံး အိမ်ကိုတည့်တည့်မတ်မတ် ပြန်ကြမှာလား” ဟု အစည်းအဝေးတွင် တစ်စုံတစ်ယောက်က အဘယ်ကြောင့် မေးခဲ့ပါသနည်း။

နောက်တစ်ပတ်အလိမ့်တွင်မူ ကားက အတည့်ပြန်ဖြစ်သွားသော်လည်း ရေထဲသို့ရောက်နေပြီ။ ကား၏ရှေ့ဘီးများက မြစ်ကမ်းပါးဘေးသို့ စွန်းထွက်နေသော သစ်တုံးနှင့်ငြိနေသည်။ သို့သော်ကား၏ ကျန်သောအစိတ်အပိုင်းများကား လျှင်မြန်စွာ မြုပ်စပြုနေချေပြီ။ ရေများက ကွဲနေသော ကားပြတင်းပေါက်များမှ ဝေ့ဝဲ၍ ဝင်လာကြပြီး ကျွန်ုပ်ကို ဝါးမြိုနေကြပြီ။ လေကာမှန် အဘယ်ကြောင့် အစိတ်စိတ် အမွှာမွှာ မကွဲခဲ့ပါသနည်း။ ကျွန်ုပ်သည် သတိရှိနေဆဲဖြစ်သည့်တိုင် ကားဦးခန်းတွင် ပိတ်မိနေပြီး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရထားသည်။ သွေးထွက်လျှင်လည်း ထွက်နေနိုင်ပေသည်။

ဤမျှသန်သော ရေစီးတွင် ရှေ့ဘီးများက သစ်တုံးတွင် မည်မျှကြာအောင် ကြံ့ကြံ့ခံ၍ ချိတ်တွယ်နေနိုင်မည်နည်း။ ကျွန်ုပ်၏ ဝိညာဉ်အတွက် ဆုတောင်းနိုင်သည်အထိ ချိတ်တွယ်နေမည်ဟု မျှော်လင့်မိခဲ့သည်။

လာနေသော ကားတစ်စီး၏ ရှေ့မီးရောင်ကို လှမ်းမြင်လိုက်သဖြင့် လှမ်းပြီးအော်ခေါ်ဖို့ ကြိုးစားလိုက်သော်လည်း အသံမျှင်မျှင်သာအော်နိုင်သည်။ မျက်နှာချင်းဆိုင်မှ ကားနှစ်စီးချဉ်းကပ်လာနေသည်ကို တွေ့ရသည်။ သူတို့တော့ ကျွန်ုပ်၏ကားကို မြင်တွေ့မှာ သေချာပါသည်။ တစ်စီးမျှ မရပ်ဘဲ မောင်းထွက်သွားသောအခါ ကျွန်ုပ်၏ နှလုံးခုန်သံတို့ ရပ်သွားလောက်အောင် တုန်လှုပ်သွားခဲ့မိသည်။

နောက်ဆုံးကားတစ်စီးသည် ကျွန်ုပ်၏ မြင်ကွင်းမှ ပျောက်ကွယ်သွားလုနီးပါး အချိန်တွင်မှ ရပ်လိုက်ပြီး နောက်ပြန်ဆုတ်လာသည်။ ကျွန်ုပ်၏ကားကို တစ်ယောက်ယောက်တော့ တွေ့မြင်သွားပေပြီ။

အလင်းရောင်တန်း စူးစူးကလေးက ကျွန်ုပ်၏ ကားလေကာမှန်ပေါ်တွင် ရပ်တန့်၍နေသည်။ ကျွန်ုပ်ကို တစ်ယောက်ယောက်က အော်ခေါ်နေသည်။ ရှိသမျှအားအင်များကို စုစည်း၍ ပြန်ပြီးအော်ကာ အသံပြုလိုက်သည်။ ခေါင်းထဲတွင်ရော၊ ခန္ဓာကိုယ်တစ်လျှောက်လုံးပါ သေမတတ်အောင့်သွားသည်။ မျက်လုံးများပြာဝေကာ မြင်ကွင်းကမှုံဝါးစပြုလာသည်။ ရေထဲတွင် တစ်ဝက်နစ်နေသော ထိုင်ခုံထိပ်ဖျားကို ဆုပ်ကိုင်ကာ မျက်လုံးများကို ကြိုးစား၍ ဖွင့်ကြည့်သည်။ ဦးခေါင်းကို ရေပေါ်သို့ရောက်အောင် ရုန်းကန်လိုက်သည်။ နောက်ဆုံးတွင်မူ ရေထဲသို့တဝုန်းဝုန်းနင်းလာသော ခြေသံများကို ကြားသည်။ တစ်ယောက်ယောက်ကတော့ ရေထဲသို့ခုန်ဆင်း၍ ကျွန်ုပ်ကိုကယ်ဆယ်ရန် ကြိုးစားနေပေပြီ။

ကား၏ ဘေးတစ်ဘက်ကို ရိုက်ပုတ်လိုက်သည်။ ထိုနောက်ကွဲနေသော တံခါးများမှ လက်ကိုင်များကို ဆောင့်ဆွဲလိုက်သည်။ ပထမတံခါးတစ်ဘက်၊ ပြီးလျှင် နောက်တံခါးတစ်ဘက်။ ထိုနောက် ဦးထုပ်ချွန်ချွန်နှင့် အရိပ်မည်းတစ်ခုက လေကာမှန်မှ ချောင်းကြည့်နေသည်ကို တိမ်ကင်း၍ ထိန်ထိန်သာနေသော လရောင်ဖြင့် မြင်လိုက်မိသည်။

ကျွန်ုပ်မြင်လိုက်သည်မှာ ဦးစွာစိုက်ကြည့်နေသော မျက်လုံးများပင်ဖြစ်သည်။ ပြီးလျှင် ဦးထုပ်ချွန်တစ်ခုက ကျွန်ုပ်၏ဘေးသို့ မျောလာသည်။

ထိုပုဂ္ဂိုလ်က ချာကနဲလှည့်ထွက်ကာ မြစ်ကမ်းပါးပေးသို့ ကုတ်ကပ်တွယ်တက်သွားသည်။ ကျွန်ုပ်ကား ရေအောက်တွဲလဲနေပြီး နှာခေါင်းမှ ပူပေါင်းများ ပလုံစီလာကာ မွန်းကျပ်၍မေ့မျောလုနီးပါး ဖြစ်နေချေပြီ။

ဆောင့်၍ဆွဲသံများ ပို၍ကြားလာရသည်။ ခေါင်းကိုအတင်းခါရမ်းပြီး ရေပြင်ပေါ်သို့ ထိုးထုတ်ကာ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ ထိုပုဂ္ဂိုလ်ပြန်လာပြီဖြစ်သည်။ ယခုတစ်ကြိမ်တွင်မူ သူ၏လက်မောင်းများကို ဦးခေါင်းပေါ်သို့ မြှောက်ထားပြီး သယ်လာသော ကျောက်တုံးဖြင့် လေကာမှန်ကို အားကုန်ထုခွဲလိုက်သည်။ သူ့သွားများက ဖွေးနေသကဲ့သို့ မျက်လုံးများကလည်း အရောင်ထွက်နေသည် ထိုအခိုက်တွင်ပင် သူ့ကို မှတ်မိလိုက်သည်။

ကျွန်ုပ်မုန်းသော ကပြားအစ်ရှာပါလား။ ကျွန်ုပ်၏ ဦးထုပ်ချွန်နှင့် ခြုံထည်ကိုမြင်၍ သဘာဝအရ ကျွန်ုပ်ကိုအဆုံးသတ်ရန် သူလာခဲ့လေသလား။ သူ့ကို အပြစ်မတင်မိတော့ပါ။

ဦးခေါင်းကို ရေအောက်သို့ပြန်၍ ငုံ့ချလိုက်သော်လည်း ကားလေကာမှန်ကွဲသွားသည်ကိုတော့ သိလိုက်သည်။ ရေအောက်အမှောင်ထဲသို့ လက်တစ်ဘက်ထိုးဆင်းလာပြီး ဟိုဟိုသည်သည်စမ်းကာ ကျွန်ုပ်၏ကော်လာကို ဆုပ်ကိုင်မိသွားသည်။ လေကာမှန်ကြားမှ ကျွန်ုပ်ကိုဆွဲတင်လိုက်သည်။ ကျွန်ုပ်၏ နှလုံးသားကိုကပ်၍ နားထောင်ကြည့်သည်။ ကျွန်ုပ်၏ နှလုံးကားခုန်နေဆဲပင်။

“အစ်ရှာ” ကျွန်ုပ်က မပီမသခေါ်လိုက်သည်။

“ခင်ဗျား ကောင်းသွားမှာပါ သူငယ်ချင်း” ဟုပြောကာ ကျွန်ုပ်ကို သူ၏ကျောပေါ်တင်၍ ကမ်းပါးဆီသို့ ကူးခတ်သွားတော့သည်။

ကျွန်ုပ်ကို သူ၏ကားထဲသို့သွင်း၍ နေရာချထားလိုက်ပြီး “ခင်ဗျားငြိမ်ငြိမ်လေးနားနေနော် ချာလီ” ဟုပြောလိုက်သည်။ ကျွန်ုပ်နောက်ဆုံးမှတ်မိလိုက်သည်မှာကား သူ၏ “မကြောက်နဲ့နော်၊ ခင်ဗျားကို ဆေးရုံပို့ပေးမယ်” ဟူသောစကားပင် ဖြစ်ပါသည်။

ဂျေးဆက်သည် ထိုင်ခုံနောက်ကျော်ကိုမှီလျက် ကျွန်ုပ်၏မျက်လုံးများကို စိုက်ကြည့်နေပြီး “အစ်ရှာက သူ့ရဲ့အိမ်နီးချင်းကို ချာလီလို့ခေါ်တာ မင်းဘယ်လိုသဘောရသလဲ” ဟုမေးလိုက်သည်။

“ကျွန်ုပ်မသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘာမှမကွာခြားကြပါဘူး”

“လာဖြစ်လို့လဲဆိုတော့ အစ်ရှာက သူ့ရန်သူအပေါ်မှာတောင်မှ မတူညီတာတွေ၊ ခြားနားတာတွေကို လစ်လျူရှုပြီး ချစ်ခြင်းမေတ္တာနဲ့ ကရုဏာထားလို့ပါပဲ။ ဒါဟာ ချစ်ခြင်းမေတ္တာပေါ့။ ဒါဟာ ငါပြောနေတဲ့ ချစ်ခြင်းမေတ္တာပဲလေ။ အဲဒီလိုပဲ ကျင့်သုံးပေတော့။”

## “ရှမာရိလူမျိုး၏ သင်ခန်းစာကောင်း”

ယေရှုက လူတစ်ယောက်သည် ယေရုရှလင်မြို့မှ ယေရိခေါမြို့သို့ သွားရာတွင် ဓါးပြများနှင့်တွေ့ကြုံလေ၏။ ဓါးပြတို့သည် ထိုသူ၏ အဝတ်ကိုချွတ်၍ နာကျင်စွာ ရိုက်နှက်ပြီးမှ သေလုမတတ်ရှိသောအခါ ပြစ်ထား၍ သွားကြ၏။ ထိုလမ်းသို့ ယစ်ပုရောဟိတ်တစ်ယောက်သည် အမှတ်တမဲ့သွား၍ လူနာကိုမြင်လျှင် လွှဲရှောင်၍သွားလေ၏။ ထိုနည်းတူ လေဝိလူတစ်ယောက်သည် ထိုအရပ်သို့ရောက်သောအခါ လာ၍ကြည့် မြင်လျှင် လွှဲရှောင်၍သွားလေ၏။ ရှမာရိလူတစ်ယောက်သည် ခရီးသွားရာတွင် ထိုလူနာရှိရာသို့ ရောက်၍မြင်သောအခါ ကရုဏာစိတ်ရှိသည်နှင့် ချဉ်းကပ်၍ သူ၏အနာများကို ဆီနှင့်စပျစ်ရည်ထည့်လျက် အဝတ်နှင့်စည်းပြီးလျှင် မိမိတိရစ္ဆာန်ပေါ်မှာတင်၍ ဇရပ်တစ်ခုသို့ ဆောင်သွားပြုစုလေ၏။ နက်ဖြန်နေ့၌ ထွက်သွားသောအခါ ဒေနာရိနှစ်ပြားကိုထုတ်၍ ဇရပ်ရှင်အားပေးလျက် ဤသူကို ကြည့်ရှုပြုစုပါကုန်။ ကုန်သမျှကို ငါပြန်လာသောအခါ ဆပ်ပေးမည်ဟုဆို၏။

သင်သည် အဘယ်သို့ထင်သနည်း။ ထိုသူသုံးယောက်တို့တွင် အဘယ်သူသည် ဓားပြလက်သို့ရောက်သောသူနှင့် စပ်ဆိုင်သောသူ ဖြစ်သနည်း။ (ရှင်လူကာ ခရစ်ဝင် ၁၀း ၃၀–၃၆)

(ဂျိုး အင်မာရမ်သင်းနှင့် ကိတ်သ်ဖီးလစ်)
(By. Joe Amaranthine and Keith Phillip)